**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး**

နဝမနေ့**မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိအမျိုးသားလွှတ်တော်အစည်းအဝေးခန်းမတွင်ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့အစီအစဥ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။

။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ယခုအချိန်ကစပြီးပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ်စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ**။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့မှာလွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၁၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၅.၄၈)ရာခိုင်နှုန်းရှိပြီးတက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ်

အမျိုးသားလွှတ်တော်တတိယပုံမှန်အစည်းအဝေးနဝမနေ့၁-၁၂-၂၀၁၆ရက်နေ့မှာအစည်းအဝေးသို့တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ်က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊UEC ခုံရုံးကိစ္စသွားရောက်ရန်။ ဦးဌေးတင်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးဝင်းကြိုင်၊ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ပြည်ပခရီးစဥ်ရှိပါသဖြင့် နှင့် ဒေါ်ထုမေ၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်ကခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၆)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၄)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၁၀)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအား လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄)ဦးဖြစ်၍၊ အမျိုးသားလွှတ်တော်ကစုစုပေါင်းခွင့်ပြုထားသူ (၁၀)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့၊ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့မေးခွန်းများဟာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမယ့်မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**၂၀၁၂ ခုနှစ်က ဧကပေါင်း (၉၆၉) ဧကဖြင့် အကောင်အထည်ဖော်ခဲ့သည့် ကရင်ပြည်နယ်၊ ဘားအံစက်မှုဇုန်နှင့်စပ်လျဉ်း၍သိရှိလိုသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောသန်းထွဋ်က ၂၀၁၂ ခုနှစ်က ဧကပေါင်း (၉၆၉) ဧကဖြင့် အကောင်အထည်ဖော်ခဲ့သည့် ကရင်ပြည်နယ်၊ ဘားအံစက်မှုဇုန်နှင့် စပ်လျဉ်း၍ သိရှိလိုတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးစောသန်းထွဋ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ တက်ရောက်လာတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကရင်ပြည်နယ်

မဲဆန္ဒနယ်အမှတ်(၂)အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စောသန်းထွဋ် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ ဘားအံစက်မှုဇုန်အကောင်အထည်ဖော်မှုနဲ့ စပ်လျဉ်းပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို (၈) လပိုင်း (၉) ရက်နေ့ကတည်းက မေးမြန်းခဲ့တာဖြစ်ပါတယ်။ ယခု (၃) လနဲ့ (၂၁) ရက်ကြာမှ လွှတ်တော်မှာ မေးမြန်းခွင့်ရခဲ့တာပါ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ဘားအံစက်မှုဇုန်ဟာ ပြည်ထောင်စုအစိုးရမှတစ်ဆင့်ကရင်ပြည်နယ်အစိုးရကြီးကြပ်မှုနဲ့၂၀၁၂ခုနှစ်ကတည်းကဧကပေါင် း(၉၆၉)ဧကဖြင့် အကောင်အထည်ဖော်ခဲ့တဲ့ စက်မှုဇုန်ဖြစ်ပါတယ်။ အခု စက်မှုဇုန်နဲ့ ပတ်သက်ပြီး တိုးတက်မှုအတိုင်းအတာဟာ ကရင်ပြည်နယ်ရဲ့ လူမှုစီးပွားနဲ့ ဒေသဖွံ့ဖြိုးရေးအပေါ် ဘယ်လောက်အတိုင်းအတာအထိ အကောင်အထည်ဖော် ဖြည့်ဆည်းပံ့ပိုးပေးနိုင်ခဲ့ပြီလဲ။ (၂) ဒေသရဲ့အလုပ်အကိုင် ခန့်ထားနိုင်မှုနှင့် စီးပွားရေးအခွင့်အလမ်း ဘယ်လောက်ဖြည့်ဆည်းနိုင်ခဲ့ပြီလဲ။ (၃) စက်မှုလုပ်ငန်းလည်ပတ်မှု အတိုင်းအတာရာခိုင်နှုန်းဘယ်လောက် ကျေနပ်စရာရှိသလဲ။(၄) အနာဂတ်မှာ ဘားအံစက်မှုဇုန်အောင်မြင်ရေးအတွက် ဘယ်လိုမဟာဗျူဟာ၊နည်းဗျူဟာ ချမှတ်ဆောင်ရွက်ထားသလဲဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ နောက်ခံ အကြောင်းအရာကို တင်ပြပါမယ်။ ဘားအံစက်မှုဇုန်ဟာ ဒေသရဲ့လူမှုစီးပွားဖွံ့ဖြိုးမှု ကိုက်တံတွေဖြစ်တဲ့ အလုပ်အကိုင်၊ ဝင်ငွေ၊ လူနေမှုအဆင့်အတန်း၊ ပုဂ္ဂလိကစီးပွားရေးအခွင့်အလမ်း စတဲ့ ကရင်ပြည်နယ် တစ်ခုလုံးအတွက် အရေးပါလွန်းလှပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် တောင်းဆိုအပ်ပါတယ်။ ဘားအံစက်မှုဇုန်စီမံကိန်းဟာ ကရင်ပြည်နယ်အစိုးရရဲ့ စာအမှတ် ၁၀၀/၃-၅၈/ဦး ၆ နဲ့ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီနှင့် လုပ်ငန်းအဖွဲ့များကို အဖွဲ့ဝင်(၃၄)ဦးနဲ့ ဖွဲ့စည်းခဲ့ပါတယ်။ကြီးကြပ်ရေးကော်မတီရဲ့လုပ်ငန်းတာဝန်များဟာ စက်မှုလုပ်ငန်းရှင်များအတွက်အရင်းအနှီးနှင့်နည်းပညာရရှိရေး၊ ပြည်နယ်အတွင်းရှိ လူထုများအလုပ်အကိုင်ရရှိရေး၊ ဒေသခံစက်မှုလုပ်ငန်းရှင်များ အခွင့်အလမ်းရရှိရေး၊ အသေးစားနှင့် အလတ်စားမှ အကြီးစားစက်မှုလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်နိုင်ရေးစတဲ့ အချက်တွေ လုပ်ဆောင်သွားဖို့ ဖော်ပြထားပါတယ်။

လက်တွေ့ ကွင်းဆင်းလေ့လာမှုအရ ဘားအံစက်မှုဇုန်မှာ စက်မှုလုပ်ငန်း(၅)ခုလောက်သာ လုပ်ငန်းလည်ပတ်နေပြီး ကျန်တဲ့ စက်မှုဇုန်မြေကွက်တွေဟာ ဖုန်းဆိုးမြေဖြစ်နေပါပြီ။ အဓိကလိုအပ်တဲ့ လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ လမ်းစတဲ့ အခြေခံအဆောက်အအုံ (Infrastructures) တွေ ဖြည့်ဆည်းပေးထားပေမယ့်လည်း လည်ပတ်မှုဟာ မရှိသလောက်မြင်တွေ့နေရပါတယ်။အခုဆိုရင် ပြည်ပနိုင်ငံ တွေမှာ သွားရောက်အလုပ်လုပ်နေတဲ့ ရွှေ့ပြောင်းလုပ်သားများရဲ့ ဒုက္ခအကျပ်အတည်းနဲ့ ပတ်သက်ပြီး သတင်းမီဒီယာတွေထဲမှာ တစ်နိုင်ငံလုံး ကြားသိနေရပြီး ဖြစ်ပါတယ်။ ဒီရွှေ့ပြောင်းလုပ်သားတွေအထဲမှာ ကရင်ပြည်နယ်သားတွေလည်းပါဝင်ကြပါတယ်။ ထို့အတူ တစ်ဖက်နိုင်ငံနယ်စပ်မှာရှိနေတဲ့ မြန်မာဒုက္ခသည်တစ်သိန်းခန့်ဟာလည်း သက်ဆိုင်ရာပြည်နယ်တွေကို ပြန်လွှတ်ဖို့အစီအစဥ်ကို UNHCR ကစီစဥ်ဆောင်ရွက်နေတယ်လို့ ကြားသိခဲ့ရပါတယ်။

ဒီအလုပ်အကိုင်များဖန်တီးရေးဟာ လက်ရှိအစိုးရရဲ့ စီးပွားရေးမူဝါဒမှာ ပါဝင်ထည့်သွင်းထားတာကြောင့် ဘားအံစက်မှုဇုန်လုပ်ငန်းအောင်မြင်စွာ အကောင်အထည်ဖော်ဖို့ လိုအပ်ပါလိမ့်မယ်။ ဒါကြောင့် ဘားအံစက်မှုဇုန်လုပ်ငန်းရဲ့ လက်ငင်းအခြေအနေနှင့် ပတ်သက်ပြီး ယခုလို

ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)




ဘားအံစက်မှုဇုန် အဝင်လမ်းမကြီးနှင့် ဆို

စက်မှုဇုန်အတွင်း အခြေခံအဆောက်အအုံ ဖန်တီးထားမှု မြင်ကွင်းပုံ (၄-၁)




စက်မှုဇုန်အတွင်း မြေနေရာယူထားသော်လည်း လုပ်ငန်းအကောင်အထည်ဖော်မှု မရှိသေးသောနေရာများ မြင်ကွင်းပုံ (၅-၂)



**သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (Extractive Industries Transparency Initiative - EITI) လုပ်ငန်းအား ဆက်လက်ဆောင်ရွက် အကောင်အထည်ဖော်မှု အခြေအနေအား သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှဦးစိုးသိန်း က သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး

(Extractive Industries Transparency Initiative - EITI) လုပ်ငန်းအား ဆက်လက်ဆောင်ရွက်အကောင်အထည်ဖော်မှု အခြေအနေအား သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များ မင်္ဂလာပါ။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှဦးစိုးသိန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်နဲ့ အင်္ဂလိပ်စာများ သုံးစွဲခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်မှာ သဘာဝသယံဇာတကြွယ်ဝသော်လည်း ယင်းသယံဇာတတွေကို စနစ်တကျ စီမံအုပ်ချုပ်မှုမရှိတဲ့အတွက် ပြည်သူလူထုများ ဆင်းရဲမွဲတေကာပဋိပက္ခများဖြစ်ပွားတတ်ကြောင်းကို ပညာရှင်များက သယံဇာတကျိန်စာဟု ခေါ်ဝေါ်ကြပါတယ်။သယံဇာတကျိန်စာသင့်မှု ပပျောက်စေရန် သယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်မှုဆိုင်ရာပွင့်လင်းမြင်သာရေး(EITI)အတွက် တဖြည်းဖြည်းအရှိန်ရလာပြီး အခုအခါ ကမ္ဘာ့နိုင်ငံပေါင်း(၃၁)နိုင်ငံအထိတင်းပြည့်အဖွဲ့ဝင်နိုင်ငံအဖြစ်လည်းကောင်း၊ နိုင်ငံပေါင်း(၁၈)နိုင်ငံသည်အဖွဲ့ဝင်လောင်းနိုင်ငံအဖြစ်လည်းကောင်း ပါဝင်လျက်ရှိပါတယ်။

အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းဖြင့် သယံဇာတကျိန်စာကို ကျော်လွှားနိုင်သည့်အပြင် တာဝန်သိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်နိုင်ကြောင်း၊ သယံဇာတအရင်းအမြစ်တူးဖော်ရေးလုပ်ငန်းများ စီမံကွပ်ကဲမှု ပိုမိုကောင်းမွန်စေနိုင်ကြောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် ပြည်သူလူထုအကြား ပွင့်လင်းမြင်သာမှုရှိ၍ အပြန်အလှန်ဆွေးနွေးရှင်းလင်းမှုများ ဖြစ်ထွန်းစေနိုင်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍ လူထုအခြေပြုအဖွဲ့အစည်းများနှင့် လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်ပြီး ပြည်သူလူထုအား အသိပေးနိုင်ကြောင်း တွေ့ရပါတယ်။ ဒီအတွက် မြန်မာနိုင်ငံမှာ EITIအဖွဲ့ဖြင့် ဆောင်ရွက်နိုင်ရေးလုပ်ငန်းစဥ်တွေကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ EITIဦးဆောင်ကော်မတီ၊ EITIလုပ်ငန်းကော်မတီတို့အား ပါဝင်ဖွဲ့စည်းပေးအပ်ခဲ့ပါတယ်။ Multi-Stakeholder Group ဟု ခေါ်တဲ့ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ကို အစိုးရကိုယ်စားလှယ်(၆)ဦး၊ အရပ်ဘက်ကိုယ်စားလှယ်(၉)ဦး၊ ပုဂ္ဂလိကကဏ္ဍမှကိုယ်စားလှယ်(၆)ဦး စုစုပေါင်း(၂၁)ဦးဖြင့် ဖွဲ့စည်းခဲ့ပါတယ်။ View မှာ တင်ပြထားတာရှိပါတယ်။ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ကိုယ်စားလှယ်များအနေနဲ့ မျက်နှာစုံညီအစည်းအဝေးများကျင်းပလျက်သက်ဆိုင်ရာဆပ်ကော်မတီအသီးသီးဖွဲ့စည်းကာ အဖွဲ့ဝင်အဖြစ်ပါဝင်၍ လိုအပ်ချက်များကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ်၊ မေလမှာ နိုင်ငံတကာ EITIအဖွဲ့ဝင် စိစစ်ရေးကော်မတီသို့ အဖွဲ့ဝင်လျှောက်လွှာတင်သွင်းခဲ့ပါတယ်။

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ မက္ကဆီကိုနိုင်ငံမှာ ကျင်းပခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ EITIဘုတ်အဖွဲ့အစည်းအဝေးက မြန်မာနိုင်ငံရဲ့ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဥ်များကို အားရကျေနပ်သည့်အတွက် မြန်မာနိုင်ငံအား (၄၅)နိုင်ငံမြောက်အဖွဲ့ဝင်လောင်းနိုင်ငံအဖြစ်

လက်ခံခဲ့ပါတယ်။EITIအဖွဲ့ဝင်လောင်းဖြစ်လာတဲ့ မြန်မာနိုင်ငံအနေနဲ့ (၁၈)လအတွင်း EITIအစီရင်ခံစာကို ထုတ်ပြန်ရမည်ဖြစ်ပြီး စံချိန်မီတင်းပြည့်အဖွဲ့ဝင်ဖြစ်ရန် EITIစံနှုန်းအားလုံးကို (၃)နှစ်အတွင်း ဖြည့်ဆည်းပေးရမည်ဖြစ်ရာပထမအကြိမ် EITIအစီရင်ခံစာကိုအချိန်မီထုတ်ပြန်နိုင်ဖို့အတွက် ကမ္ဘာ့ဘဏ်ရဲ့အကူအညီနဲ့ လွတ်လပ်သော စာရင်းတိုက်ဆိုင် စစ်ဆေးရေးအဖွဲ့ ငှားရမ်းတာဝန်ပေးအပ်ခြင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ကောက်ခံရရှိသော အခွန်ဘဏ္ဍာများအား စာရင်းတိုက်ဆိုင်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်နေ့မှာ မြန်မာနိုင်ငံ၏ ပထမဦးဆုံး EITI အစီရင်ခံစာကို ပေးပို့နိုင်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့အချိန်အခါ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးအတွက် အပတ်တကုတ် အားသွန်ခွန်စိုက်ကြိုးပမ်းလျက်ရှိသည့် အချိန်ဖြစ်သည်နှင့်အညီ သယံဇာတအရင်းအမြစ်များခွဲဝေသုံးစွဲမှု (Resource Sharing)ကို တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမတို့အကြား သာတူညီမျှခွဲဝေအသုံးပြုခြင်းဖြင့် ဖက်ဒရယ်ပြည်ထောင်စုဖော်ဆောင်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စွာဆောင်ရွက်နိုင်မည် ဖြစ်ပါတယ်။

ဒါကြောင့် သယံဇာတမှရရှိလာသော ဝင်ငွေများကို စနစ်တကျခွဲဝေခြင်းဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမတို့အကြား ဖက်ဒရယ်ပြည်ထောင်စုဖော်ဆောင်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာမှာ အထောက်အကူဖြစ်စေမယ့် တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေး၊ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI)ကို ရှေ့ဆက်ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်ဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ ဒုတိယအကြိမ်အစီရင်ခံစာကို သတ်မှတ်ချက်အတိုင်း တင်သွင်းရန်၊ ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ EITI လုပ်ငန်းစဉ် အကောင်အထည်ဖော်ရေးဟာ ယခု ဒီမိုကရေစီစနစ်ကျင့်စဉ်မှာ လိုအပ်ချက်ဖြစ်တဲ့ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုနဲ့ လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကြိုးပမ်းမှုရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့ ဆက်လက်အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ/မရှိကိုဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းရခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနဲ့ပတ်သက်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၀။**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)။**

။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး**ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။**

**ကျွန်တော့်အနေနဲ့ ပထမဦးစွာ** ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောသန်းထွန်း မေးမြန်းသည့်၂၀၁၂ ခုနှစ်က ဧကပေါင်း (၉၆၉) ဧကဖြင့် အကောင်အထည်ဖော်ခဲ့သည့် ကရင်ပြည်နယ်၊ ဘားအံစက်မှုဇုန်နှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်းနှင့် စပ်လျဉ်းပြီး ကရင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ဖြေကြားပေးမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ဘားအံစက်မှုဇုန်ကို မြေဧရိယာ(၉၆၉)ဧကဖြင့် ၂၀၁၁ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဘားအံစက်မှုဇုန်ရဲ့ အခြေခံတည်ဆောက်ရေးလုပ်ငန်းများဖြစ်သော မြေကွက်များဖော်ထုတ်ခြင်း၊ ပင်မလမ်းများ၊ အတွင်းလမ်းများဖော်ထုတ်၍ နိုင်လွန်ကတ္တရာများခင်းခြင်း၊ လျှပ်စစ်မီးလိုင်းများသွယ်တန်းပြီးစီး၍ 66/11 KV 20 MVဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ဆက်သွယ်ရေးဆိုင်ရာ GSM ဖုန်းစက်ခုံများတပ်ဆင်ခြင်း၊ တည်ဆောက်ရေးနှင့် လုပ်ငန်းသုံးရေရရှိစေရန် လျှိုပိတ်ဆည်အမှတ်(၁)(၂)(၃)(၄)များ တည်ဆောက်ခြင်း၊ ဘားအံစက်မှုဇုန်ကြီးကြပ်ကွပ်ကဲရေး ရှင်းလင်းဆောင်တည်ဆောက်ခြင်းစသည့်လုပ်ငန်းများဟာ(၁၀၀)ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်။

မြေဧရိယာ (၉၆၉)ဧကအနက် ဖော်ထုတ်ပြီးမြေကွက် (၆၄၆)ကွက်တွင် မြေနေရာ(၃၇၁)ကွက်ချထားပြီး မြေနေရာချထားရန် (၂၇၅)ကွက်ကျန်ရှိပါတယ်။ ဘားအံစက်မှုဇုန်မှာ မြေနေရာ၊ လျှပ်စစ်မီး၊ ရေ၊ ဆက်သွယ်ရေးစနစ်၊ လမ်းတံတားအစရှိသည့် အခြေခံလိုအပ်ချက်များ ပြည့်စုံစေရန် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိပြီး ရေဆိုးစွန့်ပစ်စနစ်၊ ပြည့်စုံကောင်းမွန်သော ရေပေးဝေရေးစနစ်များဖြစ်လာစေရန်အတွက်လည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။မြေကွက်ရရှိထားသူများအနေဖြင့် စက်မှုဇုန်မှလုပ်ငန်းအကောင်အထည်ဖော်ရန် အဆင်သင့် ဖြစ်နေပြီးဖြစ်သော်လည်း ငွေအကြေပေးချေသည့်အဆင့်သို့ မရောက်ရှိသေးသဖြင့် ကျန်ရှိငွေများ (၁၀၀)ရာခိုင်နှုန်း ပေးချေနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

ဘားအံစက်မှုဇုန်မှာ အဆောက်အဦတည်ဆောက်ပြီးစီး၍ လုပ်ငန်းလည်ပတ်လျက်ရှိတဲ့ လုပ်ငန်း(၉)ခုတွင် လုပ်သား(၉၀)ဦးခန့်၊ မကြာမီဖွင့်လှစ်တော့မည့် သိုးမွှေးဆွယ်တာစက်ရုံနှင့် အထည်ချုပ်စက်ရုံတို့တွင် ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်ရန်အတွက် လစာနှင့်တကွ သင်တန်းတက်ရောက်လျက်ရှိသော လုပ်သား(၈၁၀)ဦး၊ စုစုပေါင်း လုပ်သား(၉၀၀)ဦးခန့်အား အလုပ်အကိုင် ဖန်တီးပေးနိုင်ခဲ့ပါတယ်။ ဘားအံစက်မှုဇုန်မှာ ဖော်ထုတ်ပြီးမြေကွက်များအနက် အချို့မြေကွက်များဟာ လယ်မြေများဖြစ်သဖြင့် အငြင်းပွားနေရခြင်း၊ မြေကွက်ဝယ်ယူရရှိပြီးဖြစ်သော လုပ်ငန်းရှင်အချို့သည် လုပ်ငန်းအကောင်အထည်ဖော်ရန် နှောင့်နှေးနေခြင်း၊

ဒေသရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရထုတ်လုပ်ပြီးကုန်ချောများ ဖြန့်ဖြူးရောင်းချရန် ဈေးကွက်ဝယ်လိုအားမရှိသေးခြင်း၊ ဒေသခံများအနေဖြင့် စက်မှုလုပ်ငန်းများအပေါ်တွင် ဆောင်ရွက်ရန် စိတ်ဝင်စားမှုနည်းပါးသေးခြင်း၊ ပြည်ပကုန်ပစ္စည်းအစားထိုးထုတ်လုပ်နိုင်ရန် အရင်းအနှီး၊ နည်းပညာ၊ ကျွမ်းကျင်လုပ်သား လိုအပ်ချက်ကြီးမားခြင်းစသည့် အခက်အခဲများကြောင့် တိုးတက်မှု နှောင့်နှေးနေရခြင်းဖြစ်ပါတယ်။

ဘားအံစက်မှုဇုန်အောင်မြင်ရေးအတွက် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီအနေဖြင့် ဘားအံမြို့နယ်အတွင်း ပြန့်ကျဲနေသော စက်မှုလုပ်ငန်းများအား စက်မှုဇုန်အတွင်းသို့ ပြောင်းရွှေ့လုပ်ကိုင်စေခြင်း၊ လုပ်ငန်းအမျိုးအစားတူသော လုပ်ငန်းများစုပေါင်း၍ ထုတ်ကုန်ပစ္စည်းများ ဈေးကွက်တွင် ယှဉ်ပြိုင်ထိုးဖောက်နိုင်စေရန် ကြိုးပမ်းစေခြင်း၊ ပြုပြင်/ပြင်ဆင်သည့်အဆင့်တွင် ရပ်မနေစေဘဲ ကုန်ပစ္စည်းများထုတ်လုပ်နိုင်သည့်အဆင့်အထိ ရောက်ရှိစေရန်နှင့် အရည်အသွေးမြင့် ကုန်ပစ္စည်းများ ထုတ်လုပ်ပေးနိုင်ရေး နည်းပညာအကူအညီပေးခြင်း၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန်အတွက် စက်မှုသင်တန်းကျောင်းများတွင် လေ့လာသင်ယူစေပြီး လုပ်ငန်းခွင်အတွင်း ပြန်လည် အသုံးချစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးအတွက် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသော လုပ်ငန်းရှင်များကို ဖိတ်ခေါ်လုပ်ကိုင်စေခြင်းတို့ဖြင့် ဘားအံစက်မှုဇုန် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအနေနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှဦးစိုးသိန်း ၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (Extractive Industries Transparency Initiative-EITI) လုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော်မှုအခြေအနေအား သိရှိလိုသည့် စပ်လျဉ်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ဖြေကြားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ ပထမအကြိမ် တွင်းထွက်သယံဇာတ အရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI)အစီရင်ခံစာကို အဖွဲ့ဝင် လောင်းနိုင်ငံအနေဖြင့် ၂၀၁၆ ခု၊ ဇန်နဝါရီလ ၂ ရက်နေ့မှာ နိုင်ငံတကာ EITIဘုတ်အဖွဲ့သို့ တင်သွင်းနိုင်ခဲ့ပါတယ်။ နိုင်ငံတကာ EITIဘုတ်အဖွဲ့ရဲ့ စံသတ်မှတ်ချက်အရ တင်းပြည့်အဖွဲ့ဝင်နိုင်ငံ (Compliant Country) ဖြစ်လာရန် ဒုတိယအကြိမ် EITI အစီရင်ခံစာကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှာ ထပ်မံ တင်သွင်းရမည်ဖြစ်ပြီး နိုင်ငံတကာ EITIဘုတ်အဖွဲ့ရဲ့ ဆန်းစစ်အတည်ပြုခြင်း (Validation) ကို ခံယူရမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတရုံးရဲ့ ၂၉-၃-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၆)ဖြင့် ဖျက်သိမ်းခဲ့သော မြန်မာနိုင်ငံ EITIဦးဆောင်ကော်မတီကို ပြန်လည်ဖွဲ့စည်းခွင့်ပြုပါ ရန်နှင့် လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းရေးတာဝန်ခံ ပြန်လည်သတ်မှတ်ပေးပါရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ပါတယ်။

နိုင်ငံတော် သမ္မတရုံးက ၆-၇-၂၀၁၆ ရက်စွဲပါစာဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများက တင်ပြသည့်ကော်မတီ၊ ကော်မရှင်အဖွဲ့အစည်းများသည် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်မှုရှိရန် လိုအပ်ပါသဖြင့် လျှာထားဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များပူးတွဲ၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားဦးစွာတောင်းခံပြီး ယင်းသဘောထားမှတ်ချက်နှင့်အတူ ပြန်လည်တင်ပြရန် လမ်းညွှန်ခဲ့ပါတယ်။ ဦးဆောင်ကော်မတီကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အတွင်းရေးမှူး၊ အဖွဲ့ဝင်အဖြစ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးတို့ဖြင့် ပြန်လည်ဖွဲ့စည်းပေးပါရန် အဆိုပြုတင်ပြထားရှိပြီးဖြစ်ပါတယ်။

ယင်းသို့ ဆောင်ရွက်နေစဥ်ကာလအတွင်းမှာလည်း EITIလုပ်ငန်းစဥ်များအရှိန်အဟုန်မပြတ်စေရန် ကိန်းဂဏန်းအချက်အလက်များ စာရင်းတိုက်ဆိုင်စစ်ဆေးရေး အစီအရင်ခံစာရေးသားမည့် (Independent Adiministntor) ငှားရမ်းနိုင်ရေးအတွက် လုပ်ငန်းတာဝန်ဝတ္တရား သတ်မှတ်ချက်များ (TORs) နှင့် စပ်လျဥ်းပြီး အစိုးရ၊ ကုမ္ပဏီနှင့်အရပ်ဘက်ကိုယ်စားလှယ်များပါဝင်သော ဆပ်ကော်မတီအစည်းအဝေးများကို ၂၈-၄-၂၀၁၆ ရက်နေ့၊ ၁၀-၆-၂၀၁၆ ရက်နေ့နှင့် ၂၂-၁၁-၂၀၁၆ ရက်နေ့တို့မှာ ကျင်းပပြုလုပ်၍ ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။

အဆိုပါ ညှိနှိုင်းရရှိချက်များကို Myanmar EITI Multi Stakeholder Group (MEITI-MSG)သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့ ဖွဲ့စည်းပြီးတဲ့အခါမှာ MSG သို့ တင်ပြအတည်ပြုချက်ရယူသွားမှာဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလမှာ နိုင်ငံတကာ EITI ဘုတ်အဖွဲ့က အတည်ပြုခဲ့တဲ့ သယံဇာတတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများရဲ့ အမှန်တကယ်အကျိုးအမြတ်ခံစားသူ (Beneficial Ownership) ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် စပ်လျဥ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ Natural Resource Governance Institute (NRGI)အဖွဲ့နှင့် နိုင်ငံတကာ EITIအတွင်းရေးမှူးရုံးတို့ ပူးပေါင်း၍ ၁၉-၅-၂၀၁၆ ရက်နေ့မှာ ရန်ကုန်မြို့မှာ ကျင်းပပြုလုပ်ခြင်း၊ ၎င်းဆွေးနွေးပွဲနှင့်အတူ မွန်ဂိုလီးယားနိုင်ငံမှ EITIအဖွဲ့နှင့် ပူးပေါင်း၍ နှစ်နိုင်ငံအကြား EITIအတွေ့အကြုံနှင့်စိန်ခေါ်မှုများဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှာ (Beneficial Ownership) လမ်းပြမြေပုံရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကိုလည်း နေပြည်တော်မှာ ကျင်းပရန်စီစဥ်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှာ နိုင်ငံတကာ EITIအတွင်းရေးမှူးရုံးမှ အကြီးအကဲဖြစ်သူ Mr.Jonas Moberg က မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့်တွေ့ဆုံ၍

မြန်မာနိုင်ငံတွင် EITI အကောင်အထည်ဖော်ခြင်း လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်နှင့် လိုအပ်သော ပံ့ပိုး ကူညီမှုများ ဆောင်ရွက်ပေးနိုင်ရေးကိစ္စများကို ဆွေးနွေးခဲ့ပါတယ်။

သို့ဖြစ်ပါ၍ သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး(Extractive Industries Transparency Initiative)နှင့်စပ်လျဉ်း၍ ဦးဆောင် ကော်မတီ၊ လုပ်ငန်းကော်မတီ၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့တို့ကို သင့်လျော်သူများဖြင့် ပြန်လည်ဖွဲ့စည်းရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမယ့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များကသက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ဟားခါး - မတူပီလမ်းမကြီးမှ ခွဲထွက်သော တိန်ဆီး - တီလပ် - ဝေါ်တီးလမ်းအပိုင်းမှဖောက်လုပ်ပြီးခဲ့သော (၂၃) မိုင် (၇) ဖာလုံလမ်းပိုင်းမှ ပြိုကျမြေပုံများကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဖယ်ရှားရှင်းလင်းပေးရန်နှင့် ကေလုံး -ဘလေး - လုံငိုးကျေးရွာအထိ (၁၀) မိုင်အား ဆက်လက်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်ကချင်းပြည်နယ်၊ ဟားခါး - မတူပီလမ်းမကြီးမှ ခွဲထွက်သော တိန်ဆီး - တီလပ် - ဝေါ်တီး လမ်းအပိုင်းမှ ဖောက်လုပ်ပြီးခဲ့သော(၂၃)မိုင် (၇)ဖာလုံ လမ်းပိုင်းမှ ပြိုကျမြေပုံများကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဖယ်ရှားရှင်းလင်းပေးရန်နှင့် ကေလုံး-ဘလေး-လုံငိုးကျေးရွာအထိ (၁၀) မိုင်အား ဆက်လက်ဖောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ နယ်စပ်ရေးရာဝန်ကြီးဌာနမှဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးရန် တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဟားခါး - မတူပီလမ်းမကြီးမှ ခွဲထွက်သော တိန်ဆီး - တီလပ်-ဝေါ်တီးလမ်းသည် (၁၂)ပေအကျယ် တစ်ကြောင်းထိုးဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၂၀၁၄-

၂၀၁၅ဘဏ္ဍာရေးနှစ်တွင်(၁၉)မိုင်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ (၄)မိုင်နှင့်(၇)ဖာလုံ စုစုပေါင်း ဝေါ်တီး ကျေးရွာအထိ (၂၃)မိုင်နဲ့ (၇)ဖာလုံ ဖောက်လုပ်ပေးခဲ့ပါတယ်။ ကျန်ရှိသော ကေလုံး-ဘလေး-လုံငိုးကျေးရွာအထိ (၁၀)မိုင်အား ဆက်လက် ဖောက်လုပ်ပေးရန်နဲ့ ဖောက်ခဲ့ပြီးသော လမ်းမှ မြေပြိုများ ရှင်းလင်း ဖယ်ရှားပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါလမ်းပိုင်းတွင် ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တိန်ဆီးကျေးရွာမှ ဝေါ်တီးကျေးရွာအထိ (၂၃)မိုင်(၇)ဖာလုံခန့်ဖောက်လုပ်ပြီးစီးခဲ့ပြီး ဖြစ်သော်လည်း မြေသားခိုင်မာမှုမရှိသေးသောကြောင့် မြေပြိုများ နေရာများစွာတွင် ရှိပါတယ်။ ၎င်းမြေပြိုများကို ခရီးသွားပြည်သူများအဆင်ပြေစေရေးအတွက် ပြန်လည်ဖယ်ရှားပေးရန် တင်ပြချင်ပါတယ်။ ထို့အပြင် ဆက်လက်ဖောက်လုပ်ရန် ကျန်ရှိသော ဝေါ်တီး-ကေလုံး-ဘလေး-လုံငိုး လမ်းသည် ၂၀၀၈ ခုနှစ်တွင် ဒေသခံပြည်သူများက ကိုယ်ထူကိုယ်ထဖြင့် ဂျစ်ကားလမ်းဖောက်လုပ်ထားပြီးသော လမ်းဖြစ်ပါတယ်။ ၎င်းလမ်းသည် (၈)နှစ်ခန့်ကြာမြင့်လာပြီ ဖြစ်သောကြောင့် ယခုအခါ ဆိုင်ကယ်များ သွားလာဖို့တောင်မှ အင်မတန်ခက်ခဲနေပါသည်။ လုံငိုးကျေးရွာသည် ယခင် အင်္ဂလိပ်အစိုးရလက်ထက်က မြို့ပိုင်ဝန်ထောက်များ အခြေချသော ကျေးရွာလည်းဖြစ်ပါတယ်။ ၎င်းရွာသည် တိုက်နယ်ဆေးရုံနှင့် အခြေခံပညာအထက်တန်းကျောင်း တည်ရှိသောကြောင့် မြို့နယ်ရုံးစိုက်ရာ မတူပီမြို့သို့ အမြဲတမ်း သွားလာနေရသော လမ်းဖြစ်၍ အမှန်တကယ် လိုအပ်နေပါတယ်။ တိန်ဆီး-တီလပ်-ဝေါ်တီး-ကေလုံး-ဘလေး-လုံငိုး လမ်းပိုင်း (၃၃)မိုင်နှင့်(၇)ဖာလုံ လမ်းပေါ်တွင် ပေ(၃၅)ခန့်ရှည်သော တံတား (၂)စင်းနှင့် ပေ(၂၀)ခန့်ရှည်သော တံတား (၄) စင်း တည်ဆောက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီ Power Point ထဲမှာပြထားတဲ့ဟာက ကျွန်တော်တို့ ဒီဒေသခံတွေက ခက်ခက်ခဲခဲနဲ့ ဒီလိုပဲ ခရီးနှင်နေကြတာဖြစ်ပါတယ်။ အမှန်မှာတော့ ဒီဟာ ခရီးသွားတာနဲ့ မတူဘဲနဲ့ စွန့်စားခန်းတစ်ခုကို ဝင်ရသလို ဖြစ်နေပါတယ်။ အန္တရာယ်လည်း တော်တော် များပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ဒေသအတွက် ဒီဟာကို အစိုးရအနေဖြင့် လုပ်ပေးဖို့ ကျွန်တော်တို့ တင်ပြမေးမြန်းချင်တာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဖောက်ခဲ့ပြီးသော လမ်းမှ မြေပြိုများ ရှင်းလင်းဖယ်ရှားပေးရန်နှင့် ကျန်ရှိနေသော ကေလုံး-ဘလေး-လုံငိုး ကျေးရွာအထိ (၁၀)မိုင်အား ဆက်လက်ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

ဒေသခံများ ခက်ခဲစွာ ခရီးသွားလာနေရသော မြင်ကွင်းပုံ (၃)



ဒေသခံများ ခက်ခဲစွာ ခရီးသွားလာနေရသော မြင်ကွင်းပုံ (၃-၁)



ဒေသခံများ ခက်ခဲစွာ ခရီးသွားလာနေရသော မြင်ကွင်းပုံ (၃-၂)



**နောင်မွန်းမြို့နယ်ရှိ ပန်နန်းဒင် - (၁၅)မိုင် - ငါဝါ - (၁၅)မိုင် - ဂဝိုင် - (၁၃)မိုင် - ဒုံဖုံ - (၆)မိုင် - တဆူထု - (၄)မိုင်- ထလာထု - (၅)မိုင် - ခရောင် - (၅)မိုင် - ဒဟွန်းဒမ်း စုစုပေါင်း (၆၃)မိုင် နှင့် ဒုံဖုံ - (၄)မိုင် - (၁၅၀)ပေဆန်ခူလောင် ကြိုးတံတား - ထအွန်းဒမ်း - (၃)မိုင် - ဆန်ဒမ်း - (၂)မိုင် - မဒိန်း စုစုပေါင်း(၉)မိုင်ကို (၈) ပေ ဆိုင်ကယ် မြေသားလမ်း ဖောက်လုပ်ပေးရန်၊ လုံးနတ်ဘူဒဲ -(၁၅)မိုင် - ငါဝါ အကြားရှိ (၃၅၀)ပေ မူလ ဆိုင်ကယ်မေခမြစ်ကူးကြိုးတံတားအား ပြန်လည်တည်ဆောက်ပေးရန်နှင့် တဆူထု(၃၅၀)ပေ၊ မေခမြစ်ကူး ကြိုးတံတားနှင့် ဒဟွန်းဒမ်း (၃၅၀)ပေ အနီးရှိ ဆိုင်ကယ်မေခမြစ်ကူး ကြိုးတံတား(၂)စင်းအား အဆင့်မြှင့်ပြုပြင် ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဂျေယောဝူ က နောင်မွန်းမြို့နယ်ရှိ ပန်နန်းဒင် - (၁၅)မိုင် - ငါဝါ - (၁၅)မိုင် - ဂဝိုင် - (၁၃)မိုင် - ဒုံဖုံ - (၆)မိုင် - တဆူထု -(၄)မိုင် - ထလာထု - (၅)မိုင် - ခရောင် - (၅)မိုင် - ဒဟွန်းဒမ်း စုစုပေါင်း (၆၃)မိုင် နှင့် ဒုံဖုံ - (၄)မိုင် - (၁၅၀)ပေ ဆန်ခူလောင် ကြိုးတံတား - ထအွန်းဒမ်း - (၃)မိုင် - ဆန်ဒမ်း - (၂)မိုင် - မဒိန်း စုစုပေါင်း(၉)မိုင်ကို(၈)ပေ ဆိုင်ကယ်မြေသားလမ်း ဖောက်လုပ်ပေးရန်၊ လုံးနတ်ဘူဒဲ -(၁၅)မိုင် - ငါဝါ အကြားရှိ (၃၅၀)ပေ မူလဆိုင်ကယ်မေခမြစ်ကူး ကြိုးတံတားအား ပြန်လည်တည်ဆောက်ပေးရန်နှင့် တဆူထု(၃၅၀)ပေ၊ မေခမြစ်ကူး ကြိုးတံတားနှင့် ဒဟွန်းဒမ်း (၃၅၀)ပေ အနီးရှိ ဆိုင်ကယ်မေခမြစ်ကူး ကြိုးတံတား(၂)စင်းအား အဆင့်မြှင့်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါ ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား Power Point အနည်းငယ်နဲ့ အင်္ဂလိပ်လို သုံးစွဲခွင့်ပြုပါရန် မေတ္တာရပ်ခံလိုပါတယ်။


ကျွန်တော်တို့ရဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) ပူတာအိုခရိုင်၊ မြန်မာနိုင်ငံ၏ ထိပ်ဆုံးမြို့ဖြစ်တဲ့ ပန်နန်းဒင်မြို့ဟာ ဆိုရင် လူဦးရေ(၂၀၀၀)ကျော်နဲ့ နောင်မွန်းတစ်မြို့နယ်လုံးပေါင်းပါက မဲဆန္ဒရှင်ပြည်သူများ (၇၀၀၀)ကျော်နီးပါး လူဦးရေ အကျဲဆုံးနေထိုင်တဲ့ မြို့နယ်လေးတစ်မြို့ဖြစ်ပါတယ်။ Geopolitics ပထဝီနိုင်ငံရေးအရ အချက်အချာအကျဆုံးဒေသဖြစ်ပါတယ်။ ပျောက်ကွယ်လု နီးပါးစာရင်းဝင်တဲ့ အရပ်ပုတဲ့ ထရုန်လူမျိုး၊ ပြီးတော့ အများစုဖြစ်တဲ့ ဒရူ လူမျိုးများဟာဆိုရင် ညီအစ်ကို ရဝမ်တိုင်းရင်းသားများဖြစ်ပြီးမှ ယခင် ဒလောင်လူမျိုးလို့ခေါ်တဲ့ တိဘက်လူမျိုး တိုင်းရင်းသားများ၊ လီဆူ တိုင်းရင်းသားများ နေထိုင်ရာဒေသလည်းဖြစ်ပါတယ်။

အရှေ့ဘက်တွင် တရုတ်နိုင်ငံ၊ နူကျန်းပြည်နယ်ခွဲ၊ မြောက်ဘက်တွင် တိဘက်ပြည်နယ်နှင့် အနောက်ဘက်တွင်အိန္ဒိယနိုင်ငံ၊ Arunachal Pradesh စသည်ဖြင့် ဝန်းရံ၍ ပေ(၈၀၀၀)အထက်နှင့် အထက်ဆိုရင် တစ်နှစ်ပတ်လုံး ရေခဲများ၊ ဆီးနှင်းများ ဖုံးလွှမ်းတဲ့ အမြင့်ဆုံး ခါကာဘိုရာဇီတောင်၊ ခါကာဘိုရာဇီ National Park ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်နှင့် အခြား နာမည်ကြီးတောင်တန်းများ၊ သစ်တောများ၊ သယံဇာတနှင့် သဘာဝရှုခင်းအလှအပများ၊ သဘာဝအရ ကမ္ဘာကို ဖမ်းစားနိုင်တဲ့ ဆွဲဆောင်မှုအရှိဆုံးဒေသလေးတစ်ခု ဖြစ်ပါတယ်။ အဲဒါ အထက်ကဆိုရင် ခါကာဘိုရာဇီဧောင် ခြေဖြစ်ပါတယ်။ အောက်ကကျတော့ ကျွန်တော် မေခရဲ့ မြစ်ဖျား အရင်းခံရာဒေသ ဖြစ်ပါတယ်။

ပြီးတော့ ဒါဟာဆိုရင် ကျွန်တော်တို့ နောင်မွန်းမြို့နယ်၊ ဒဟွန်းဒမ်းကျေးရွာမှာနေထိုင်တဲ့ ညီအစ်ကိုတိုင်းရင်းသား တိဘက်လူမျိုးများ ဖြစ်ပါတယ်။ (၃၀၀)ကျော် နေထိုင်လျက်ရှိပါတယ်။ သို့သော်လည်း ရေ၊ မြေ၊ တောတောင်သဘာဝအရ အဝေးလံဆုံး၊ အခေါင်သီဆုံး၊ ဒါသူတို့စားသောက်ဖို့သူတို့မွေးတာ နွား(၂)မျိုးရှိပါတယ်။ သူတို့ဆီမှာ နွားနောက်နဲ့ ဒီ Yak ဆိုတဲ့ ရေခဲနွားပေါ့၊ အဲလိုရှိပါတယ်။ ဒါတိဘက် တိုင်းရင်းသားများရဲ့ နေအိမ်ဖြစ်ပါတယ်။ နောက် သဘာဝ Geographyအရပေါ့။ ကျွန်တော်တို့ ဒီ ဒဟွန်းဒမ်းတို့၊ ဒီ ထရုန်လူမျိုးတို့၊ ဒရူလူမျိုးတို့ နေထိုင်တဲ့နေရာဟာဆိုရင် ချောင်ပိတ်ခံရတဲ့ သဘောရှိပါတယ်။ ဟိုဟာအောက်က ဟိုဘက်က လမ်းရှိနေတဲ့ဆိုတဲ့ဟာကတော့ တရုတ်ပြည်ဘက်ဖြစ်ပါတယ်။ ဒါက မခွမ်ဂမ် ဖြစ်ပါတယ်။ တရုတ်ပြည်လည်း သူတို့ကလည်း နယ်စွန်နယ်ဖျားဖြစ်ပါတယ်။အဲဒီမှာတွေလည်း ကားလမ်းရှိပါတယ်။ ဒီဘက်ကျတော့ ကျွန်တော်တို့ နိုင်ငံဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ခေတ်နောက်ကျ ကျန်ခဲ့တဲ့ ကျွန်တော်တို့ ချောင်ပိတ်ခံရတဲ့ ဒီဒေသလေးကို ကျွန်တော်တို့ ခုန လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီး ဖတ်ကြားသွားတဲ့အတိုင်းပဲ။ ကျွန်တော်တို့ ဒီလမ်းများကိုပေါ့လေ။ ကြိုးတံတားများပြင်ဆင်ပေးရန်နှင့် နဂိုမူလ ကြိုးတံတားများကို ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)


ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ နောင်မွန်မြို့နယ်၊ ပန်နန်းဒင်မြို့ မြေပုံ (ပ)




နောင်မွန်မြို့နယ်၊ ဒဟွမ်းဒမ်းကျေးရွာရှိ တိဗက်တိုင်းရင်းသားများ၏ မြင်ကွင်းပုံ (ပ-၁)



တိဗက်တိုင်းရင်းသားများ နေအိမ်နှင့် နွားနောက် မြင်ကွင်းပုံ (ပ-၂)



**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့နှင့် မတူပီမြို့နယ်၊ လိုင်လင်းပီမြို့အကြားရှိ ဆမီး - လိုင်လင်းပီ ဆက်သွယ်သည့် ကားလမ်းအား နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့နှင့် မတူပီမြို့နယ်၊ လိုင်လင်းပီမြို့အကြားရှိ ဆမီး - လိုင်လင်းပီ ဆက်သွယ်သည့် ကားလမ်းအား နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဖောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)။**။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့နှင့် မတူပီမြို့နယ်၊ လိုင်လင်းပီမြို့အကြား ဆမီး-လိုင်လင်းပီလမ်းသည် မတူပီမြို့နယ်နဲ့ ပလက်ဝမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးရေးအတွက်နှင့် ချင်းပြည်နယ်အတွင်းရှိ ခရီးသွားလာရေး လွယ်ကူစေရန်အတွက် လိုအပ်သော လမ်းဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများ၏ လမ်းပန်း ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားသောလူမှုဘဝအတွက် အရေးပါသော လမ်းဖြစ်ပါ

တယ်။ တချို့သော ကျေးရွာများတွင် ရွာချင်းဆက် ဆိုင်ကယ်လမ်းများ ဖောက်လုပ်ကြပြီးဖြစ်ပါတယ်။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်များကို တာဝန်ယူ ဖောက်လုပ်ပေးမည်ဟုလည်း မျှော်လင့်ယုံကြည်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးနွယ်စုများ၏ လူမှု ဘဝမြှင့်တင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးဟာ များစွာအရေးပါ ပါတယ်။ ကျွန်တော်တို့ ချင်းလူမျိုးများ၏ ဘာသာစကားကွဲပြားမှုများသည်လည်း လမ်းပန်းဆက်သွယ်မှု လမ်းပန်းဆက်သွယ်ရေး နှင့် များစွာသက်ဆိုင်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါက သွားလာလွယ်ကူပြီး ဘာသာ စကားအရလည်း မျိုးနွယ်စုကြား နားလည်နိုင်မည်ဖြစ်ပါတယ်။ ဆမီးမှ လိုင်လင်းပီထိ ခြေလျင်ဖြင့် သွားပါက အနည်းဆုံး (၃)ရက်အထိကြာပြီး အချိန်ကုန် လူပင်ပန်းခဲ့ရပါတယ်။ ကားလမ်းဖောက်လုပ် ပေးပါက (၃)ရက်ခရီးအား (၃)နာရီအတွင်း လွယ်ကူစွာ သွားလာနိုင်မည် ဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး နှင့် ခရီးသွားလာရေး လွယ်ကူစေရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဖောက်လုပ်ပေးနိုင်ပါရန် တိုင်းရင်းသား မျိုးနွယ်စုများ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့နှင့် မတူပီမြို့နယ်၊ လိုင်လင်းပီမြို့အကြားရှိ ဆမီး-လိုင်လင်းပီ ဆက်သွယ်သည့်ကားလမ်းအား နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။မေးခွန်းများနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၁။**

**ဗိုလ်ချုပ်သန်းထွဋ်( ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ကျွန်တော် ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးခွန်း(၁)၊ မေးခွန်း(၂)၊ မေးခွန်း(၃)ကို ပြန်လည် ဖြေကြားပေးသွား မှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၁)ကတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန်၏ ချင်းပြည်နယ်၊ ဟားခါး-မတူပီလမ်းကြီးမှ ခွဲထွက်တဲ့ တိန်ဆီး-တီလပ်-ဝေါ်တီး လမ်းအပိုင်းမှ ဖောက်လုပ်ပြီးခဲ့တဲ့လမ်း(၂၃.၇)မိုင်လမ်းပိုင်းမှ မြေပြိုများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ရန်ပုံငွေဖြင့် ဖယ်ရှားရှင်းလင်းပေးရန် အစီအစဉ်ရှိ/မရှိ၊ ကေလုံး-ဘလေး-လုံငိုး ကျေးရွာအထိ (၁၀)မိုင်အား ဆက်လက်ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းမှာ ဒေသဖွံ့ဖြိုးရေးအတွက် အမှန်တကယ်လိုအပ်သော လုပ်ငန်းဖြစ်မည်ဟု ယုံကြည်ပါကြောင်းနှင့် ယခုလို နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာဖြင့်

ကွင်းဆင်းစစ်ဆေး၍ မေးမြန်းသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ချင်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံနယ်စပ်ဒေသများမှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်အလိုက်စီမံကိန်းများ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်မှာ ချင်းပြည်နယ်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေက ငွေကျပ်(၆၂၈၁.၉၅၆)သန်း လျာထားခွင့်ပြုပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ပါ မတူပီ၊ တိန်ဆီး-ဝေါ်တီးမြေလမ်း(၁၉/၀)မိုင် မြေပြိုဖယ်ရှားခြင်းလုပ်ငန်းအတွက် သဘာဝဘေးကြောင့် ပျက်စီးမှု၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေစာရင်းမှာ ငွေကျပ်(၇၆.၀၀)သန်း ခွင့်ပြုထားပြီးဖြစ်ပါသဖြင့် ယခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သွားမှာ ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ထို့အပြင် ကေလုံး-ဘလေး-လုံငိုး ကျေးရွာအထိ (၁၀)မိုင်အား ဆက်လက်ဖောက်လုပ်ပေးရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေတွင် လျာထားဆောင်ရွက်ပေးမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြု ဝင်ဆံ့မှုနှင့်အညီ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မေးခွန်းနံပါတ်(၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဂျေယောဝူ ရဲ့ ပန်နန်းဒင်-(၁၅)မိုင်-ငါဝါ-(၁၅)မိုင်-ဂဝိုင်-(၁၃)မိုင်-ဒုံဇုံ-(၆)မိုင်-တဆူထု-(၄)မိုင်-ထလာထု-(၅)မိုင်-ခရောင်-(၅)မိုင်-ဒဟွန်းဒမ်း စုစုပေါင်း(၆၃)မိုင် (၈)ပေ ဆိုင်ကယ်မြေသားလမ်းဖောက်လုပ်ပေးရန်၊ ဒုံဇုံ-(၄)မိုင်(၁၅၀)ပေဆန်ခူလောင်ကြိုးတံတားထအွန်းဒမ်း-(၃)မိုင်-ဆန်ဒမ်း-(၂)မိုင်-မဒိန်းစုစုပေါင်း(၉)မိုင်(၈)ပေဆိုင်ကယ်မြေသားလမ်း ဖောက်လုပ်ပေးရန်၊ လုံးနတ်ဘူဒဲ-(၁၅)မိုင်-ငါဝါအကြားရှိ (၃၅၀)ပေ မူလဆိုင်ကယ်မေခမြစ်ကူး ကြိုးတံတားအား ပြန်လည်တည်ဆောက်ပေးရန်နှင့် တဆူထု(၃၅၀)ပေ မေခမြစ်ကူးကြိုးတံတားနှင့် ဒဟွန်းဒမ်း (၃၅၀)ပေ အန္တရာယ်ရှိ ဆိုင်ကယ်မေခမြစ်ကူးတံတား(၂)စင်းအား အဆင့်မြှင့်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ကချင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံနယ်စပ်ဒေသမှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်အလိုက် စီမံကိန်းချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ပါ ပန်နန်းဒင် - (၁၅)မိုင် - ငါဝါ - (၁၅)မိုင် - ဂဝိုင် - (၁၃)မိုင် - ဒုံဇုံ - (၆)မိုင် - တဆူထု -(၄)မိုင် - ထလာထု - (၅)မိုင် - ခရောင် - (၅)မိုင် - ဒဟွန်းဒမ်း စုစုပေါင်း (၆၃)မိုင် (၈)ပေအကျယ် ဆိုင်ကယ်မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ ရန်ပုံငွေလျာထား တင်ပြတောင်းခံပြီး ရန်ပုံငွေခွင့်ပြုဝင်ဆံ့မှုနှင့်အညီ လုပ်ငန်းများကို ဦးစားပေးအလိုက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ထို့အပြင် ဒုံဇုံ - (၄)မိုင် - (၁၅၀)ပေ ဆန်ခူလောင် ကြိုးတံတား - ထအွန်းဒမ်း - (၃)မိုင် - ဆန်ဒမ်း - (၂)မိုင် - မဒိန်း စုစုပေါင်း(၉)မိုင်(၈)ပေအကျယ် ဆိုင်ကယ်မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကိုလည်း ၂၀၁၈-၂၀၁၉ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှစ၍ ရန်ပုံငွေလျာထား တင်ပြတောင်းခံပြီး

ရန်ပုံငွေခွင့်ပြုဝင်ဆုံမှုနှင့်အညီ လုပ်ငန်းများကို ဦးစားပေးအလိုက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ လုံးနတ်ဘူဒဲ -(၁၅)မိုင်-ငါဝါ အကြားရှိ (၃၅၀)ပေ မူလဆိုင်ကယ်မေခမြစ်ကူး ကြိုးတံတားအား ပြန်လည်တည်ဆောက်ပေးရန်နှင့် တဆူထု(၃၅၀)ပေ မေခမြစ်ကူးကြိုးတံတားနှင့် ဒဟွန်းဒမ်း (၃၅၀)ပေ အန္တရာယ်ရှိ ဆိုင်ကယ်မေခမြစ်ကူးတံတား(၂)စင်းအား အဆင့်မြှင့်ပြုပြင်ခြင်း လုပ်ငန်းအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ ရန်ပုံငွေလျာထားတင်ပြတောင်းခံပြီး ရန်ပုံငွေခွင့်ပြု ဝင်ဆုံမှုနှင့်အညီ လုပ်ငန်းကို ဦးစားပေးအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

မေးခွန်းနံပါတ်(၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ) ဦးဆလိုင်းမျိုးထိုက်ရဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့နှင့် မတူပီမြို့နယ်၊ လိုင်လင်းပီမြို့အကြားဆမီး - လိုင်လင်းပီ ဆက်သွယ်သည့် ကားလမ်းအား နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဖောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ချင်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံနယ်စပ်ဒေသမှာ နယ်စပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်အလိုက်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက် ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ပါ ဆမီး-လိုင်လင်းပီ ဆက်သွယ်သည့် ကားလမ်းဖောက်လုပ်ရန်အတွက် ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ တွင် လျာထားဆောင်ရွက်ပေးမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုဝင်ဆုံမှုနှင့်အညီ စီမံဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက် ၂၆-၈-၂၀၁၆ ရက်နေ့တွင်ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၈။**

**ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် လေ့လာသူပြည်သူများကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစေကြောင်းဆုတောင်းလိုက်ပါတယ်။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)ကဦးမောင်မောင်အုန်း ဖြစ်ပါတယ်။ Power point ဖြင့်တင်ပြခွင့်ပြုပါရန် လေးစားစွာတောင်းခံအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော်ဒီဥပဒေကြမ်းနဲ့ပတ်သက်ပြီးအမျိုးသားလွှတ်တော်မှာစတင်ဆွေးနွေးစဉ်ကတည်းက ဝင်ရောက်ဆွေးနွေးခဲ့သူဖြစ်ပါတယ်။ အခုအခါ အမျိုးသားလွှတ်တော်က အတည်ပြုပေးပို့လိုက်တဲ့ ဥပဒေကြမ်းအပေါ် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များနဲ့ ပြန်လည်ပေးပို့ရာမှာ ကွဲလွဲနေတဲ့အချက်များအပေါ် ပြန်လည်အကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဦးစွာအနေနဲ့ အမျိုးသားလွှတ်တော်က အတည်ပြုခဲ့တဲ့ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂၊ အပိုဒ်ခွဲ(င)၊ ပိုင်နက်ပင်လယ်၊ အပိုဒ်ခွဲ(စ)၊ ဆက်စပ်ဇုန်၊ အပိုဒ်ခွဲ(ဆ)၊ သီးသန့်စီးပွားရေးဇုန်၊ အပိုဒ်ခွဲ(ဇ)၊ ကမ်းလွန်ရေတိမ်ပိုင်းဆိုတာတွေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ပြည်သူ့လွှတ်တော် အတည်ပြုချက် ဇယား(၅)မှာ ပယ်ဖျက်ထားခဲ့ပါတယ်။ တကယ်တော့ အသစ်ဖြည့်စွက်ချက်လို့ရေးသား ဖော်ပြထားသော်လည်း မူလအဆိုပြု ဥပဒေကြမ်းပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဥပဒေရေးထုံးနဲ့ ညီညွတ်စေရန် ရွှေ့ပြောင်းအမှတ်စဉ် ပြုထားခြင်းသာ ဖြစ်ပါတယ်။

မူလဥပဒေကြမ်းမှာ ပိုင်နက်ပင်လယ်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အဆိုပြုဥပဒေကြမ်း အခန်း ၂၊ ပိုင်နက်ပင်လယ်ဆိုတဲ့ အခန်းခေါင်းစဉ်အောက်မှာ အပိုဒ် ၃ အဖြစ်လည်းကောင်း၊ ဆက်စပ်ဇုန်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အဆိုပြုဥပဒေကြမ်း အခန်း ၃၊ ဆက်စပ်ဇုန်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ အပိုဒ် ၁၆ အဖြစ်လည်းကောင်း၊ သီးသန့်စီးပွားရေးဇုန်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အဆိုပြုဥပဒေကြမ်းအခန်း (၄) သီးသန့်စီးပွားရေးဇုန်ဆိုတဲ့ခေါင်းစဉ်အောက်မှာ အပိုဒ်၁၉ အဖြစ်လည်းကောင်း၊ ကမ်းလွန်ရေတိမ်ပိုင်းရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အဆိုပြုဥပဒေကြမ်း အခန်း(၅) ကမ်းလွန်ရေတိမ်ပိုင်းဆိုတဲ့ ခေါင်းစဉ်အောက်မှာ အပိုဒ် ၂၈ အဖြစ်လည်းကောင်း နေရာအသီးသီးခွဲပြီး ဖွင့်ဆိုထားတာ ဖြစ်ပါတယ်။ ဒီအဓိပ္ပာယ် ဖွင့်ဆိုချက်တွေကို ဥပဒေရေးထုံးအရ အခန်း(၁) အမည်နဲ့အဓိပ္ပာယ်ဖော်ပြချက် အခန်းမှာသာ တစ်စုတစ်စည်းတည်း ဖော်ပြသင့်တဲ့အတွက် ရွှေ့ပြောင်းအမှတ်စဉ်ထားတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းသာထားသင့်ပါကြောင်း အကြံပြု ဆွေးနွေးအပ်ပါတယ်။

တစ်ဆက်တည်းမှာပဲ သီးသန့်အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့ နေရာတွေကနေ ပယ်ဖျက်ရမှာ ဖြစ်တဲ့အတွက် အဆိုပြုဥပဒေကြမ်းရဲ့ အခန်း (၂)၊ အပိုဒ် ၃၊ အခန်း(၃)၊ အပိုဒ်၁၆၊ အခန်း(၄)၊ အပိုဒ် ၁၉ နဲ့ အခန်း(၅)၊ အပိုဒ် ၂၈ တို့ကို ပယ်ဖျက်ချက်များကိုလည်း အမျိုးသားလွှတ်တော်ရဲ့

အတည်ပြုချက်အတိုင်းအတည်ပြုမှသာရှေ့နောက်ဆီလျော်မှု ရှိမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒုတိယအနေနဲ့ နိုင်ငံခြားရေယာဉ်ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲချက်ကို ဆွေးနွေးတင်ပြလိုပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် အပိုဒ် ၂၊ အပိုဒ်ခွဲ (ဍ) မှာ နိုင်ငံခြားရေယာဉ်ဆိုသည်မှာ မြန်မာနိုင်ငံတွင်မှတ်ပုံတင်ထားခြင်းမရှိဘဲ နိုင်ငံခြားတွင် မှတ်ပုံတင်ထားသော ရေယာဉ်နှင့် မည်သည့်နိုင်ငံတွင်မျှ မှတ်ပုံတင်ထားခြင်းမရှိသော နိုင်ငံခြားသား ပိုင်ရေယာဉ်ကို ဆိုတယ်လို့ အတည်ပြုထားပြီး၊ ပြည်သူ့လွှတ်တော်က အပိုဒ် ၂၊ အပိုဒ်ခွဲ (ဈ) ဖြင့် နိုင်ငံခြားရေယာဉ်ဆိုသည်မှာ နိုင်ငံခြားတိုင်းပြည်တစ်ခုခုတွင်မှတ်ပုံတင်ထားသော ရေယာဉ်ကိုဆိုတယ်လို့ အတည်ပြုထားပါတယ်။

ပြည်သူ့လွှတ်တော် အတည်ပြုချက်အတိုင်းဆိုရင် နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှာ မှတ်ပုံတင် မထားရင် နိုင်ငံခြားရေယာဉ်ဆိုတာပါ အကျုံးမဝင်တော့သလို ဖြစ်နေပါတယ်။ ဒါ့ကြောင့် ဘယ်နိုင်ငံမှာ မှ မှတ်ပုံတင်မထားတဲ့ နိုင်ငံခြားသားပိုင်ရေယာဉ်ကိုပါ အကျုံးဝင်စေဖို့အတွက် အမျိုးသားလွှတ်တော် ရဲ့ အတည်ပြုချက်အတိုင်းထားသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ လက်တွေ့နယ်ပယ်မှာလည်း ဘယ်နိုင်ငံမှာမှ မှတ်ပုံတင်မထားတဲ့ရေယာဉ်မျိုးတွေ ရှိနေပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း တွေ့ခဲ့ဖူးပါတယ်။

တတိယအနေနဲ့ သဘောကွဲလွဲချက်မှာ သဘာဝသယံဇာတပစ္စည်းဆိုတာနဲ့ သဘာဝသယံဇာတဆိုတဲ့ ကွဲလွဲချက်ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့ ပစ္စည်းဆိုတဲ့ စကားရပ်ကို ပြည်သူ့လွှတ်တော်က ဖြုတ်ပယ်လိုက်တာ ဖြစ်ပါတယ်။ ဒီနေရာမှာ သဘာဝအတိုင်းတည်ရှိနေတဲ့ သယံဇာတရော၊ ထုတ်ယူပြီး၊ လက်ဝယ်ရောက်ရှိပြီးပစ္စည်းအဖြစ် အခြေပြောင်းတည်ရှိ ပြီးသော သယံဇာတများကိုပါ အကျုံးဝင်ရောက်စေရန်အတွက် သဘာဝသယံဇာတပစ္စည်းလို့ အဓိပ္ပာယ် ဖွင့်ဆိုတာက ပိုပြီးပြည့်စုံမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် အပိုဒ် ၂၊ အပိုဒ်ခွဲ(ပ)မှာ သဘာဝသယံဇာတ ပစ္စည်းဆိုသည်မှာ ပင်လယ်ကြမ်းပြင်၊ ပင်လယ်ကြမ်းပြင်အောက်ခံ မြေထုနှင့် ပင်လယ်ကြမ်းပြင် အထက်ရေထုတို့တွင်ပါဝင်သော သက်ရှိ၊ သက်မဲ့ သယံဇာတများကိုဆိုသည်။ ထို့အပြင် အစိုးရအဖွဲ့က အခါအားလျော်စွာ နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာသတ်မှတ်ထားသော သဘာဝသယံဇာတ ပစ္စည်းများပါဝင်သည်လို့အတည်ပြုထားချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ဇယားအမှတ် ၂၊ အပိုဒ်ခွဲ(ည)အဖြစ်နဲ့ ပစ္စည်းဆိုတာကိုဖြုတ်ပြီး ပင်လယ်ကြမ်းပြင်အထက်ရှိ ရေထုနှင့်ပင်လယ်ရေ မျက်နှာပြင်တို့တွင်ဆိုပြီး ပင်လယ်ရေမျက်နှာပြင်ဆိုတာကို ဖြည့်စွက်ထားပါတယ်။ ဒါ့အပြင် နိုင်ငံတော် ပြန်တမ်းတွင်ဆိုတဲ့စကားရပ်ကိုဖြုတ်ပယ်ထားတာလည်း တွေ့ရပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ထားရှိသင့်ကြောင်းလည်း အကြံပြုလိုပါတယ်။

တစ်ဆက်တည်းမှာပဲ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် အပိုဒ် ၂၊ အပိုဒ်ခွဲ (ဏ)မှာ သက်ရှိ၊သက်မဲ့သယံဇာတပစ္စည်းရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထား ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ အပိုဒ် ၂၊ အပိုဒ်ခွဲ(ပ)မှာ သက်ရှိ၊ သက်မဲ့သယံဇာတလို့ ထည့်သွင်း အသုံးပြုခဲ့တာကြောင့် ထပ်မံပြီးအဓိပ္ပာယ်ဖွင့်ဆိုရန်လိုအပ်လာတဲ့အတွက် အပိုဒ် ၂၊ အပိုဒ်ခွဲ(က)

အဖြစ်ပြည့်စုံစွာ ဖွင့်ဆိုထားတာ ဖြစ်ပါတယ်။ Power point နဲ့ကြည့်ပြီးလေ့လာလို့ ရပါတယ်ခင်ဗျား။ ဒါ့ကြောင့်ပယ်ဖျက်ရန် မသင့်ဘဲ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ထားရှိသင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စတုတ္ထအနေနဲ့ အမျိုးသားလွှတ်တော် အတည်ပြုချက်အပိုဒ် ၃၊ အပိုဒ်ခွဲ(ခ) နိုင်ငံတော်၏ ပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များအတွင်းရှိသဘာဝသယံဇာတပစ္စည်းများအား ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်ဆိုတာကို ပြည်သူ့လွှတ်တော်က နိုင်ငံတော်၏ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များအတွင်းရှိသဘာဝသယံဇာတများအား ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်စနစ်တကျနှင့် ရေရှည်ထုတ်ယူသုံးစွဲရန်လို့ ပြင်ဆင်ထားပါတယ်။ ပိုမိုပြည့်စုံတဲ့အတွက် လက်ခံအတည်ပြုသင့်ပါတယ်။ သို့သော် သဒ္ဒါရေးထုံးမှန်ကန် ရှင်းလင်းစေဖို့အတွက် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်၊စနစ်တကျနှင့် ရေရှည်ထုတ်ယူသုံးစွဲရန်ဆိုတာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် စနစ်တကျ ရေရှည်ထုတ်ယူသုံးစွဲနိုင်ရန်လို့ ပြင်ဆင်သင့်ကြောင်း ထပ်မံအကြံပြုတင်ပြလိုပါတယ်။

ပဉ္စမအနေနဲ့ အမျိုးသားလွှတ်တော် အတည်ပြုချက် အပိုဒ် ၇၊ ခြေဆင်းဖြစ်ပါတယ်။ ခြေဆင်းမှာ နိုင်ငံခြားရေယာဉ်သည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းစင်သော ဖြတ်သန်းမှုပြု နေစဉ် အောက်ပါပြုလုပ်မှု တစ်ခုခုကို ပြုမူဆောင်ရွက်ပါက နိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး သို့မဟုတ် လုံခြုံရေးကိုထိပါးစေခြင်းဖြစ်သည် ဆိုရာမှာ ပြည်သူ့လွှတ်တော်ကမူလပြဋ္ဌာန်းချက်အတိုင်း နိုင်ငံခြားရေယာဉ်သည်ပိုင်နက်ပင်လယ်အတွင်းအပြစ်ကင်းသော ဖြတ်သန်းမှုပြုနေစဉ် အောက်ပါပြုလုပ်မှုတစ်ခုခုကို ပြုမူဆောင်ရွက်ပါက နိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ တရားဥပဒေနှင့် တည်ငြိမ်အေးချမ်းရေး သို့မဟုတ် လုံခြုံရေးကို ထိပါးစေသည်ဟု မှတ်ယူရမည်လို့ အတည်ပြုခဲ့တာဖြစ်ပါတယ်။ ကိစ္စတစ်ခုခုကို ပြုလုပ်မှုတစ်ခုခုပြုခဲ့ပြီးလို့ရှိရင် ကျူးလွန်မှုပြီးမြောက်ပြီးတဲ့လက္ခဏာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ထိပါးစေသည်ဟုသာ အတိအလင်းသတ်မှတ်ရတော့မှာဖြစ်ပါတယ်။ မှတ်ယူရန်မဟုတ်ပါသဖြင့် အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ထားရှိရန်သာ အတည်ပြုသင့်ပါတယ်။

ဆဋ္ဌမအနေနဲ့ အမျိုးသားလွှတ်တော်အတည်ပြုချက် အပိုဒ် ၇၊ အပိုဒ်ခွဲ(ဆ)မှာ အကောက်ခွန်၊ငွေကြေး၊ လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် ကျန်းမာသန့်စွမ်းရေးဆိုင်ရာ တည်ဆဲဥပဒေ များက ခွင့်ပြုထားရှိခြင်းမရှိသော ပစ္စည်း၊ ငွေ သို့မဟုတ် လူပုဂ္ဂိုလ်ကို အတင်အချပြုလုပ်ခြင်းလို့ အတည်ပြုရာမှာ ပြည်သူ့လွှတ်တော်က တည်ဆဲဥပဒေ များ နှင့် ခွင့်ပြုထားရှိခြင်းမရှိသော ပစ္စည်း၊ ငွေ သို့မဟုတ် လူပုဂ္ဂိုလ်နှင့် တိရစ္ဆာန်အတင်အချပြုလုပ်ခြင်းလို့ ပြင်ဆင်ထားတာ တွေ့ရပါတယ်။ အဓိပ္ပာယ်ရှင်းလင်းစေရန်နှင့် သဒ္ဒါရေးထုံးမှန်ကန်စေရန် အတွက်တော့ တည်ဆဲဥပဒေများက ခွင့်ပြုထားရှိခြင်းမရှိသော ပစ္စည်း၊ ငွေ သို့မဟုတ် လူပုဂ္ဂိုလ် သို့မဟုတ် တိရစ္ဆာန်ကို အတင်အချပြုလုပ်ခြင်းလို့ ပြင်ဆင်သင့်ကြောင်းလည်း အကြံပြုလိုက်ပါတယ်။

သတ္တမအနေနဲ့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် အပိုဒ်၇၊ အပိုဒ်ခွဲ (ဈ) ဖြစ်ပါတယ်။ ငါးဖမ်းခြင်းနှင့် ငါးလုပ်ငန်းပြုလုပ်ခြင်းကို အပြည့်အစုံ ဖော်ပြထားတဲ့အခန်း ဖြစ်ပါတယ်။ အပိုဒ် ၇၊ (ဈ) တည်ဆဲဥပဒေအရ သတ်မှတ်ထားတဲ့ ငါးအပါအဝင် ရေနေသတ္တဝါများ၊ အပင်များကို ဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း၊ ငါးလုပ်ငန်း ပြုလုပ်ခြင်း၊ ယင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းလို့ အသေးစိတ်ဖော်ပြထားပါတယ်။ ဒီလိုဖော်ပြရတာက အဆိုပြုဥပဒေကြမ်းရဲ့အပိုဒ်၂၊ အပိုဒ်ခွဲ(ဇ) ငါးဖမ်းခြင်းဆိုသည်မှာ ဆိုတဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်ကို လွှတ်တော်နှစ်ရပ်လုံးက ပယ်ဖျက်ပြီးဖြစ်တဲ့အတွက် ဒီနေရာမှာအပြည့်အစုံပြန်လည်ဖော်ပြထားတာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ အပိုဒ်၇နဲ့ အပိုဒ်ခွဲ(ဈ) မှာ ပြည်သူ့လွှတ်တော်ရဲ့ ဖြည့်စွက်ချက်ဖြစ်တဲ့ သဘာဝသယံဇာတများကို ပျက်စီးဆုံးရှုံးနစ်နာစေရန် ပြုလုပ်ခြင်းဆိုတဲ့ စကားရပ်ကို ဖြည့်စွက်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအနေနဲ့ အဆိုပြုဥပဒေကြမ်း အပိုဒ် ၂၉ ခြေဆင်းနှင့် အပိုဒ်ခွဲ (က)နဲ့ (ခ)တို့မှာ ဥပဒေကြမ်းရဲ့အခန်း(၁)အမည်နဲ့ အဓိပ္ပာယ်ဖော်ပြချက်မှာ ပြောင်းရွှေ့အဓိပ္ပာယ် ဖွင့်ဆိုထားပြီး ဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ ပယ်ဖျက်ထားတဲ့အတိုင်း ဆက်လက်အတည်ပြု သင့်ပါကြောင်းနဲ့အဆိုပြုဥပဒေကြမ်း အပိုဒ် ၂၆၊ အပိုဒ်ခွဲ(ခ) သက်ရှိ၊သက်မဲ့ သဘာဝသယံဇာတ ပစ္စည်းများကို ဖမ်းယူခြင်း၊ တူးဖော်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းဆိုတဲ့ ပြဋ္ဌာန်းချက်အတိုင်း အတည်ပြုထားတဲ့ အမျိုးသားလွှတ်တာ်ရဲ့အတည်ပြုချက် အပိုဒ် ၂၇၊ အပိုဒ်ခွဲ(ခ ) ကိုလည်းကောင်း၊ နိုင်ငံတော်အနေနဲ့ သက်ရှိ၊သက်မဲ့သယံဇာတပစ္စည်းများကို ဘယ်လိုရည်ရွယ်ချက်နဲ့မဆို တူးဖော် ထုတ်လုပ်ခွင့်နှင့် အခွင့်အာဏာကို ကျင့်သုံးနိုင်ဖို့အတွက် အဆိုပြုဥပဒေကြမ်း အပိုဒ် ၃၀ (က) ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိသင့်ကြောင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၂၄၊ အပိုဒ်ခွဲ(က) ကိုဆက်လက်အတည်ပြုသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးမောင်မောင်အုန်းရဲ့ ဆွေးနွေးချက်နဲ့ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က နိုင်ငံ့ဝန်ထမ်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော

နိုင်ငံ့ဝန်ထမ်း ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဦးဇော်မင်း (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသောအမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းအမှတ် (၆)မဲဆန္ဒနယ်မြေ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်း ဖြစ်ပါတယ်။ ဒီကနေ့ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ အစီရင်ခံစာကိုကျွန်တော်လေးစားစွာ တင်ပြသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁/၂၀၁၆ - ၃၆၇

ရက်စွဲ၊ ၂၀၁၆ ခုနှစ် ၊နိုဝင်ဘာလ ၂၉ ရက်

၁။ ပြည်သူ့လွှတ်တော်က နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို၆-၁၀-၂၀၁၆ ရက်နေ့က ပြင်ဆင်ချက်များနှင့်အတူကျွန်တော်တို့ အမျိုးသားလွှတ်တော်ကို ပြန်လည် ပေးပို့ခဲ့ပါသည်။ ဒီဥပဒေကြမ်းမှာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးကျော်နိုင်တို့က၂၃-၁၁-၂၀၁၆ ရက်နေ့မှာ အကြံပြုဆွေးနွေးခဲ့ကြပြီးဖြစ်တယ်။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီကအကြံပြုဆွေးနွေးခဲ့ကြတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က တာဝန်ရှိပုဂ္ဂိုလ်များနှင့်၂၈-၁၁-၂၀၁၆ ရက်နေ့က ဆွေးနွေးညှိနှိုင်းခဲ့ ကြပြီးဖြစ်ပါတယ်။

၂။ အဲဒီလို ဆွေးနွေးညှိနှိုင်းခဲ့တဲ့အခါမှာနိုင်ငံ့ဝန်ထမ်း ဥပဒေကို ပြင်ဆင်တဲ့ အချက်တွေနဲ့ ပတ်သက်ပြီးတော့ အောက်ပါအတိုင်း ဖော်ပြသင့်ကြောင်း ကျွန်တော်တို့ သဘောတူညီခဲ့ကြပါတယ်။ အချက်(၃)ချက်ရှိပါတယ်။ ပထမအချက်ကတော့-

(က) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့ ဥပဒေကြမ်းအပိုဒ် ၇ ဖြစ်ပါတယ်။ အပိုဒ် ၇ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဃ) မှာပါရှိတဲ့ "ပြည်သူကို ရိုသေလေးစားစွာ ဝန်ဆောင်မှုပေးခြင်း" ဆိုတဲ့စကားရပ်ဖြစ်ပါတယ်။ ဒီစကားရပ်နဲ့ပတ်သက်ပြီးတော့ ဆွေးနွေးတဲ့အခါမှာ မြန်မာသဒ္ဒါရေးထုံးရေးနည်း အနည်းငယ်ကွဲလွဲနေတာပဲ ဖြစ်ပြီးတော့ ဥပဒေရဲ့အနှစ်သာရ Consensus အရ ပြောင်းလဲမှုကွဲလွဲမှုမရှိသည့် အတွက်ကျွန်တော်တို့အနေနဲ့ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းသာ ဆက်လက်ထားရှိသင့်ပါကြောင်း ကျွန်တော်တို့ သဘောတူခဲ့ကြပါတယ်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့ဥပဒေကြမ်းအပိုဒ် ၁၁ဖြစ်ပါတယ်။ အပိုဒ် ၁၁ရဲ့ ခြေဆင်းမှာ ဖော်ပြထားတဲ့ "နိုင်ငံ့ဝန်ထမ်း ဥပဒေ ပုဒ်မ ၂၄ ၏ နောက်တွင် " ဆိုတဲ့ စကားရပ်မှာ သည်နောက်တွင်နဲ့ အောက်တွင်ကို ကျွန်တော်တို့ စကားပြောရတာ

ဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၄၏ နောက်တွင် ဆိုတဲ့ စကားရပ်ဟာယခင် ကျွန်တော်တို့ လွှတ်တော်မှာပြဋ္ဌာန်းခဲ့တဲ့ ဥပဒေတွေမှာလည်း သည့်နောက်တွင် ဆိုတဲ့စကားရပ်သုံးစွဲခဲ့တဲ့သာဓကတွေရှိခဲ့တဲ့အတွက် ပြည်သူ့လွှတ်တော်၏အတည်ပြုချက်အတိုင်းသာ လက်ခံသင့်တယ်လို့ ကျွန်တော်တို့ ဆုံးဖြတ်သဘောတူညီထားပါတယ်။

(ဂ) အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့တဲ့ ဥပဒေကြမ်းအပိုဒ် ၂၀ဖြစ်ပါတယ်။ ၂၀မှာ ဖော်ပြထားတဲ့ ပုဒ်မ ၅၆ကို ပြည်သူ့လွှတ်တော်က မူလပြဋ္ဌာန်းချက်အတိုင်းသာထားရှိသင့်ကြောင်း ပြင်ဆင်ထားပါတယ်။ ဒီအချက်ဟာလည်းပဲပိုမိုပြီးတော့ ပြည့်စုံအဓိပ္ပာယ်ရှင်းလင်းတဲ့အတွက်ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ရဲ့သဘောထားမှတ်ချက်အတိုင်းသာထားရှိသင့်တယ်လို့ ကျွန်တော်တို့ သဘောတူညီခဲ့ပြီးဖြစ်ပါတယ်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ ဒါ့အတွက် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီအနေနဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းမှာ **ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်အတိုင်းသာလျှင် ဆက်လက်အတည်ပြုဆောင်ရွက်သင့်ပါကြောင်းအမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စားလေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)**

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက စိစစ်တင်ပြသည့် အစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကအတည်ပြုပြီး ပေးပို့ထားသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာပါတယ်။ အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)မှဦးစိုးသိန်း(ခ)ဦးမောင်စိုးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်တို့က အကြံပြုဆွေးနွေးခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်ညှိနှိုင်းဆွေးနွေးခဲ့ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်းသာ ဆက်လက်အတည်ပြုဆောင်ရွက်သင့်ပါကြောင်း သဘောတူညီခဲ့ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီက တင်ပြထားသည့်အတိုင်း ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူ/မတူ လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်သည်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးနဝမနေ့ရပ်နားကြောင်းနှင့် ဒသမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၁း၀၄ နာရီအချိန်တွင် ရပ်နားပါသည်။]